


# လက်သည်းပြုပြင်ရေး အလုပ်သမားများအတွက် အခွင့်အရေးများ ကြေငြာစာတမ်း

## အနိမ့်ဆုံး လုပ်ခလစာ-

သင်သည် "ကော်မရှင်" အပေါ် လစာရရှိသည်ဖြစ်စေ, အတွေ့အကြုံ မရှိလျှင်ပင်ဖြစ်စေ၊ အချိန်ပိုအပါအဝင် သင်အလုပ်လုပ်သည့် အချိန်နာရီတိုင်းအတွက် ငွေပေးချေမှုရရှိရမည်ဖြစ်သည်။

## ၎င်းတို့မှာ သင်၏လူဝင်မှုကြီးကြပ်ရေး အခြေအနေနှင့် သက်ဆိုင်ခြင်းမရှိသည့် သင်၏အခွင့်အရေးများဖြစ်သည်

သင့်တွင် လိုင်စင်မရှိပါက အခမဲ့ရယူနိုင်သည့် လက်သည်းပြုပြင်ရေး သင်တန်းသားလိုင်စင်ကို ရယူသင့်သည်။ နောက်ထပ် လေ့လာရန်အတွက် တိုက်ရိုက်ဖုန်းလိုင်းကို ဆက်သွယ်ပေးပါ။

**သတင်းအချက်အလက် သို့မဟုတ် အကူအညီရယူရန်အတွက်-**

(888) 469-7365 ကို ဖုန်းဆက်ပါ

## အလုပ်ရှင်များသည် အောက်ပါတို့ကို ဘယ်တော့မှ မလုပ်သင့်ပါ-

- သင်၏ဘောက်ဆူးငွေများ သို့မဟုတ် လုပ်အားခများကို ယူခြင်း
- အနိမ့်ဆုံးလုပ်ခထက်ပိုနည်း၍ လုပ်အားခပေးခြင်း
- အပြစ်ပေးခြင်း သို့မဟုတ် အခြား အကြောင်းပြချက်တစ်ခုခုဖြင့် အလုပ် သို့မဟုတ် သင်တန်းပို့ချမှုတစ်ခုအတွက် သင့်အားငွေပေးချေစေခြင်း
- အစားစားရန် အားလပ်ချိန်ကို ငြင်းပယ်ခြင်း
- မျက်နှာဖုံး နှင့်/သို့မဟုတ် လက်အိတ်များ တပ်ဆင်ရန် သင်၏ အခွင့်အရေးကို ငြင်းပယ်ခြင်း
- သင်၏ လုပ်အားခ သို့မဟုတ် အလုပ်လုပ်ကိုင်မှု အခြေအနေများနှင့်ပတ်သက်၍ တိုင်တန်းခြင်းအတွက် တစ်နည်းနည်းဖြင့် သင့်အား အပြစ်ပေးခြင်း

## သင်၏ ဘေးကင်းလုံခြုံရေးအတွက်၊ ပိုင်ရှင်များက အလုပ်သမားကို အောက်ပါတို့ ပံ့ပိုးပေးရမည်-

- လက်သည်း အမှုန့် အတူ အသုံးပြုသည့်အခါ သို့မဟုတ် လက်သည်းအတုများကို ပြောင်လက်အောင် တိုက်ခြင်း/တံစဉ်းတိုက်ခြင်းပြုလုပ်သည့်အခါ အသုံးပြုရန် အသက်ရှူကိရိယာ(အထူး မျက်နှာဖုံး)
- သန့်ရှင်းရေးလုပ်သည့်အခါနှင့် ဖောက်သည့် အသားအရေ ထိခိုက်ကျိုးပဲ့စေနိုင်သည့် ဝန်ဆောင်မှုတစ်ခုခုပြုလုပ်စဉ် ဓာတုပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကို ကိုင်တွယ်ရသည့်အခါ အသုံးပြုရန် လက်အိတ်များ
- ဓာတုပစ္စည်းများကို ပြင်ဆင်၊ ရွှေ့ပြောင်း သို့မဟုတ် လောင်းချသည့်အခါ အသုံးပြုရန် မျက်စိ အကာအကွယ်

| တည်နေရာ | အနည်းဆုံး၊ တစ်ပတ်လျှင် ပထမဆုံး နာရီ 40- | အနည်းဆုံး၊ တစ်ပတ်လျှင် နာရီ 40 နောက်ပိုင်း- |
|---|---|---|
| New York မြို့တော် | တစ်နာရီလျှင် /$15.00 | တစ်နာရီလျှင် /$22.50 |
| Long Island နှင့် Westchester | တစ်နာရီလျှင် /$15.00 | တစ်နာရီလျှင် /$22.50 |
| New York ပြည်နယ်၏ ကျန်ဒေသများ | တစ်နာရီလျှင်/ $14.20 | တစ်နာရီလျှင်/ 21.30 |



New York ပြည်နယ်အလုပ်သမားဦးစီးဌာနသည် သာတူညီမျှ အခွင့်အလမ်းပေးသည့် အလုပ်ရှင်/အစီအစဉ် ဖြစ်သည်။ မသန်စွမ်းသူတိုင်းသည် အပိုဆောင်း ပံ့ပိုးထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများကို တောင်းဆို ရယူပြီး ခံစားနိုင်ပါသည်။